# သဲပုံကျေးရွာ

# မြဝတီမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၀-၂၀၂၄)




ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

သဲပုံကျေးရွာ၊ မြဝတီမြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြဝတီမြို့နယ်မှ ကူညီရေးဆွဲသည်)

၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **သဲပုံကျေးရွာသယံဇာတပြမြေပုံ၊မြဝတီမြို့နယ်** | ၅ |
| | | |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၆ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၆ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၆ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၇ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၇ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၇ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၈ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၈ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၈ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၉ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၉ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၉ |
| ၆။ | **ပညာရေး** | ၉ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၁၀ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၀ |
| ၉။ | **ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ** | ၁၁ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၂ |
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၆ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၇ |
| | **နောက်ဆက်တွဲ (၃)** ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၆ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၆၃ |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | ၆၅ |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | ၆၇ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ကျေးရွာ၏ လူထုအများစုပေါင်းပါဝင် ရေးဆွဲထားသည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀-၂၀၂၄ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်း ဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်း နှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ ပါသည်။ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှု တို့ကိုမြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအား ထုတ်မှု အခြေအနေများကိုဆန်းစစ် သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါ သည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ ဦးစားပေးစီမံချက် အဆိုပြုလွှာ စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

**ဖေဖော်ဝါရီလ၊၂၀၂၀**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**
**သဲပုံကျေးရွာ**
**မြဝတီမြို့နယ်**

# သဲပုံကျေးရွာသယံဇာတပြမြေပုံ၊မြဝတီမြို့နယ်



## ၁။ တည်နေရာနှင့်ပထဝီဝင်အနေအထား

သဲပုံကျေးရွာသည် ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့နယ်၏ ပူလွဲပူကျေးရွာအုပ်စုတွင်တည်ရှိပါသည်။ကျေးရွာ၏အရှေ့ဘက်တွင် သောင်ရင်းမြစ် ၊ အနောက်ဘက်တွင် ထီးချားရားကျေးရွာ၊ မြောက်ဘက်တွင် ကျောက်စက်ကျေးရွာ၊ ရွှေကုက္ကိုလ်ကျေးရွာ တောင်ဘက်တွင် ဝမ်းခဟောင်းကျေးရွာ၊ ချောင်းဆုံကျေးရွာစသည်တို့နှင့် ဆက်စပ်လျှက်တည်ရှိနေပါသည်။ ကျေးရွာတွင် ကရင်၊ ဗမာ၊ မွန်စသည့်တိုင်းရင်းသားများ နေထိုင်ကြပါ သည်။

## ၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ကျေးရွာ၏ရွာသီဥတုမှာ သမပိုင်းရာသီဥတုဖြစ်ပြီး နွေ၊မိုး၊ဆောင်း သုံးရာသီလုံးအပူ အအေးမျှတမှုရှိပါသည်။ စိုက်ပျိုးနိုင်သောလယ်မြေဧရိယာမှာ (၃၃)ဧကနှင့်တောင်ယာမြေ (၇၄၄)ဧက၊ဥယျာဉ်ခြံ (၄)ဧက၊ကိုင်းကျွန်းမြေ (၁)ဧကနှင့် မြေလွတ်မြေလပ် (၁)ဧကစုစုပေါင်း (၇၆၇)ဧကရှိပါသည်။ အိမ်ခြံမြေများတွင် လည်းရာသီအလိုက် ပန်းပင်၊ ဟင်းသီးဟင်းရွက် ပင်များကို အနည်းအကျဉ်းစိုက်ပျိုးကြပါသည်။ မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးအဖွဲ့ (ကျား-၈ ဦး)၊ ရပ်မိရပ်ဖအဖွဲ့ (ကျား-၁၅ ဦး)၊ သာရေးနာရေးအဖွဲ့ (ကျား-၈ ဦး)၊ဓမ္မစကူးလ်အဖွဲ့ (ကျား၄+ မ-၃=၇ဦး)၊ လူငယ်အဖွဲ့ (ကျား-၁၅+မ-၁၅=၃၀ဦး)၊ တို့သည်ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများ တွင်စုပေါင်းလုပ်ဆောင်နေကြပါသည်။ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ (ကျား-၆ ဦး+မ-၁ ဦး=၇ ဦး) သည် ကျေးရွာစာသင်ကျောင်းရှိ ဆရာ/ဆရာမ များနှင့်ပူးပေါင်း၍ကျေးရွာ၏ပညာရေးကဏ္ဍ တိုးတက်လာစေရေးအတွက် လုပ်ဆောင် လျှက်ရှိပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် ကျေးရွာဖွံ့ဖြိုးရေးအတွက် တစ်ဖွဲ့နှင့်တစ်ဖွဲ့ စုစည်းညီညာစွာဖြင့် အားတတ်သရောစုပေါင်းလုပ်ဆောင်လျှက်ရှိပါသည်။

## ၄။စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

သဲပုံကျေးရွာတွင် ၂.၅ ကေအောက် ဆင်းရဲသားတောင်သူ (၉) အိမ်ထောင်စု နှင့် ၂.၅ကေမှ ၅ ကေကြား တောင်သူငယ် (၅)အိမ်ထောင်စု၊ ၅ ကေမှ ၁၂.၅ ကေကြား တောင်သူလတ် (၂၇)အိမ်ထောင်စု ၊၁၂.၅ကေအထက် တောင်သူကြီး (၂၃)အိမ်ထောင်စု စသည်တို့ရှိကြပြီး အဓိကအားဖြင့် စပါး၊ပြောင်းနှင့်သီးနှံ များကို အားထား စိုက်ပျိုးကြပါ သည်။

၆

ကျေးရွာ၏စိုက်ပျိုးရေမှာ မိုးရေကိုသာအဓိကအားထား စိုက်ပျိုးလုပ်ကိုင်ကြပြီး စိုက်ပျိုးရေအရင်းအမြစ် မရှိသောကြောင့် နွေရာသီတွင် သီးနှံစိုက်ပျိုးခြင်း နည်းပါးပါသည်။ စပါးအထွက်နှုန်းမှာ တစ်ကေပျမ်းမျှ (၆၅)ပုံး ရှိပါသည်။ ပြောင်းအထွက်နှုန်းမှာ တစ်ကေ ပျမ်းမျှ (၁၀၅)ပုံးရှိပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများတွင် တစ်ဦးချင်းပိုင် ခြွေလှေ့စက် (၄)လုံးရှိပြီး ရေစုပ်စက် (၁၆)လုံးရှိပါသည်။ အဖွဲ့ပိုင်ခြွေလှေ့စက်မရှိပါ။ ။တောင်သူ များစက်များကို ငှားရမ်းအသုံးပြုကြပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေသြဇာနှင့် သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများ၊ သီးနှံမျိုးစေ့များ ကိုလည်း မြို့နှင့်အလှမ်းမဝေးသဖြင့် လွယ်ကူစွာ ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံဈေးကွက်နှင့် ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများမှတဆင့် ရောင်းချနိုင်ကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင်နွားမွေးမြူထားသည့်အိမ်ထောင်စု (၇)အိမ်ရှိပြီး နွားကောင်ရေ (၃၄) ကောင်၊အိမ်ထောင်စု (၉)အိမ်မှဆိတ် (၁၃၅)အိမ်၊အိမ်ထောင်စု (၄၄)အိမ်မှဝက် (၉၂) ကောင်၊ အိမ်ထောင်စု (၈၂)အိမ်မှကြက် (၈၂၀) ကောင်၊အိမ်ထောင်စု (၁၆)အိမ်မှဘဲ(၅၇) ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။

မွေးမြူရေးနှင့်ပတ်သက်သည့်နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှု များမရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှုအနည်းငယ် ရှိကြပြီးစီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊အသိပညာများ အားနည်းကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာရှိ အိမ်ထောင်စုများသည် မွေးမြူရေးလုပ်ငန်း၊လက်သမား၊ ပန်းရံလုပ်ငန်း၊ စက်ပြင်၊ စက်ဘီးပြုပြင်ရေး၊ ဆိုင်ကယ်/ကားအငှားမောင်းခြင်းလုပ်ငန်း၊ ကျန်းမာရေး ဝန်ထမ်း၊ ဈေးအရောင်းအဝယ်လုပ်ငန်းများစသည့် အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်

**ကြပါသည်။ ကျေးရွာတွင်စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးမှုလုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်းနည်းပညာနှင့်အသေးစား/ အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဝန်ဆောင်မှုများမရှိခြင်း၊ အလုပ်နှင့်လိုက်လျော ညီထွေ ဖြစ်သော အတတ်ပညာ များကျွမ်းကျင်စွာတတ်မြောက်မှုမရှိခြင်း စသည်တို့ကြောင့် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးပါသည်။ ထို့ကြောင့်အခြားဒေသများနှင့် နိုင်ငံရပ်ခြားဒေသတို့တွင် လုပ်ကိုင်သူများ လည်းရှိပါသည်။ လယ်ယာသားငါးထွက်ကုန်မဟုတ်သော အခြားဒေသ ထွက်ကုန်များရောင်းချရန် ဈေးကွက်အသင့်အတင့်ရှိသော်လည်း ဈေးကွက် ဆိုင်ရာ** အသိအမြင်ရှိမှု အားနည်းပါသည်။

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

လယ်သမားများသည် စိုက်ပျိုးရေးစရိတ်ချေးငွေများကို မြစိမ်းရောင်ချေးငွေနှင့်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးယူ၍ရရှိနိုင်သော်လည်း ကိုယ်ပိုင်ရင်းနှီးငွေနည်းပါးကြပါသည်။ မွေးမြူရေးလုပ်ငန်းနှင့်စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ကိုင်နေ ကြသောမိသားစုဝင်များသည် ချေးငွေများလွယ်ကူစွာ လိုသလောက်မရရှိသဖြင့် တစ်ပိုင်တစ်နိုင် စီးပွားဖြစ်လုပ်ကိုင်ကြရန် အခွင့်အလမ်းများ နည်းပါးကြပါသည်။ ကျေးရွာအတွင်းရှိ ငွေချေးသူများထံမှ တစ်လအတိုးနှုန်း(၅-၁၀) ရာခိုင်နှုန်းထိ ချေးယူနေကြပါသည်။ ထို့ကြောင့် အတိုးနှုန်းသက်သာသော ကာလရှည် ချေးငွေများရရှိရန် လိုလားကြပါသည်။

**၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**

**(က) ကျေးလက်သယ်ယူပို့ဆောင်ရေး**

**ကျေးရွာတွင် စက်လှေ (၈)စီး၊ စက်ဘီး (၃၂ )စီး၊ဆိုင်ကယ် (၉၉)စီး၊သုံးဘီးဆိုင်ကယ် (၁)စီး၊ထော်လာဂျီ (၃၃)စီး၊ကား (၄၃)စီး စသည်ဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။**

**ကျေးရွာတွင် ကွန်ကရစ်လမ်း(၂)လမ်းနှင့် မြေသားလမ်း (၁၉)လမ်းရှိပြီး မိုးတွင်းကာလများတွင် မြေသားလမ်းများပေါ်သို့ရေကျော်ပြီး ဗွက်များ၊ချိုင့် များဖြစ်ကာသွားလာရ အဆင်မပြေမှုများရှိနေပါသည်။ ကွန်ကရစ်လမ်းမှာ ကျေးရွာချင်းဆက်လမ်းမကြီးဖြစ်ပြီး သွားလာရအဆင်ပြေပါသည်။**

သဲပုံကျေးရွာတွင် ကွန်ကရစ်တံတား (၂)စင်း၊သစ်တားတံတား (၁)စင်းရှိပြီး ရေပြွန်တံတား (၂)စင်းရှိပါသည်။ ကျေးရွာချင်းဆက်လမ်းမကြီးပေါ်ရှိတံတားများမှာ ကားကြီးများ၊တန်ပိုယာဉ် များဖြတ်သန်းနေကြပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် မဟာဓာတ်အားလိုင်းမရရှိသေးပါ။ဆိုလာစနစ်၊အခြားနည်းစနစ်များဖြင့် မီးသုံးစွဲနေသော အိမ်ထောင်စုများလည်းရှိကြပြီး ဆိုလာအသုံးပြုသောအိမ်ထောင်စု (၅၇)စု၊ ဒီဇယ်အင်ဂျင်အသုံးပြုသော အိမ်ထောင်စု (၂၉)စုရှိပြီး လုံးဝအသုံးမပြုနိုင်သေးသော အိမ်ထောင်စု (၅၈)စုရှိ ပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

သဲပုံကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၂၁၉) လုံး၊ရေဒီယို (၂၇)လုံး၊တီဗွီ (၈၉)လုံး၊ဂြိုလ်တုစလောင်း(၆၆)လုံးတို့မှရရှိသည့် အပြင်မိုင်တဲဖုန်း တာဝါတိုင်များမှလည်း ကျေးရွာတွင်ရှိသဖြင့်ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများအထူး တလည်မရှိပေ။

၆။ ပညာရေး

သဲပုံကျေးရွာတွင် အလယ်တန်းကျောင်းရှိပြီး အထက်တန်း ပညာရေးကိုအခြားနီးစပ်ရာ ကျေးရွာများတွင် သွားရောက်သင်ကြားကြရပါသည်။ကျေးရွာရှိ ကလေးငယ်များသာမက အခြားနီးစပ်ရာကျေးရွာမှ ကျောင်းသား/ သူများလာရောက်ပညာသင်ကြားကြသောကြောင့် ကျောင်းဆောင်သစ်များ၊ကျောင်းသုံးပရိဘောဂများ လိုအပ်လျက်ရှိပါသည်။

ကလေးများ ပညာသင်ကြားနိုင်ရန်အတွက် အစိုးရခန့်ဆရာ(၁)ဦးနှင့် ဆရာမ(၈) ဦး ရှိပါသည်။ ကျေးရွာတွင်စာမတတ်သည့်လူဦးရေအများစုမှာ သက်ကြီးရွယ်အိုများဖြစ်ကြပါ သည်။လွန်ခဲ့သောကာလများတွင် နယ်မြေမအေးချမ်းသောကြောင့် ပညာသင်ယူနိုင်မှုအခွင့် အလမ်းနည်းပါးခဲ့ရခြင်းဖြစ်နိုင်ပါသည်။မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၆၃.၁၂)ရာခိုင်နှုန်းအထိများပြားပြီးအလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၁၂.၂၀) ရာခိုင်နှုန်း၊အထက်တန်းအဆင့်စာတတ်မြောက်သူများမှာ (၄.၇၆)ရာခိုင်နှုန်းနှင့် တက္ကသိုလ် အဆင့်စာတတ်မြောက်သူမှာ (၀.၆၆)ရာခိုင်နှုန်းရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ တွင်လူ့စွမ်းအားအရင်းအမြစ်ကောင်းများဖြစ်ကြပါသည်။

၇။ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင်လိုအပ်သည့် ကာကွယ်ဆေးများအား ကျန်းမာရေးဦးစီးဌာနကနှစ်စဉ် နှစ်တိုင်းကျေးရွာအထိလာရောက်ထိုးပေးလျှက်ရှိပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိသော်လည်း ကုတင်နှင့်ဆေးဝါး လုံလောက်မှုမရှိပါ။မြဝတီမြို့နှင့်နီးသော်လည်း အရေးပေါ်အခြေအနေတွင် မြဝတီမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးနိုင်ရန် ကျန်းမာရေးနှင့်ပတ်သက်သည့် အခက်အခဲ အနည်းငယ်ရှိပါသည်။

ကျေးရွာတွင်သောက်သုံးရေကို ရေတွင်းများမှအဓိကထား အသုံးပြုကြသော်လည်း အချို့အိမ်ထောင်စုများသည်နွေရာသီတွင် ရေတွင်းများမှာရေခမ်းသဖြင့် ထိုအိမ်ထောင်စုများ အတွက်စက်ရေတွင်းနှင့် ရေလှောင်ကန်လိုအပ်နေပါသည်။ကျေးရွာတွင် သန့်ရှင်းသော ယင်လုံအိမ်သာများကိုအသုံးပြုသည့် အိမ်ထောင်စုအများအပြားရှိပြီး မသန့်ရှင်းသော ယင်လုံအိမ်သာအသုံးပြုသည့် အိမ်ထောင်စုမှာ အနည်းငယ်သာရှိပါသည်။

၈။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

သဲပုံကျေးရွာတွင် လက်လုပ်လက်စား ကျပန်းလုပ်ငန်းများလုပ်ကိုင်သည့် အိမ်ထောင်စု အနည်းငယ်ရှိသဖြင့် ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာ မဖူလုံသည့် အခြေအနေများကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ထိခိုက်ခံစားရ လွယ်ကူနိုင်ပါသည်။

သဲပုံကျေးရွာတွင် သဘာဝဆေးဖက်ဝင်အပင်များနှင့် သဘာဝတိရစ္ဆာန် မျိုးစိတ်များ ရှားပါးပါသည်။မိုးရာသီတွင်ဝမ်းပျက်ဝမ်းလျှောနှင့် သွေးလွန်တုပ်ကွေးရောဂါများ ဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။သွေးတိုးရောဂါနှင့်ဆီးချိုရောဂါ ဖြစ်ပွားသည့်လူနာအနည်း ငယ်သာရှိပါသည်။ရာသီကူးပြောင်းမှုများတွင် ဖြစ်ပေါ်သောကြက်နာ၊ ဝက်နာရောဂါများ ဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။

၉။ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

သဲပုံကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများပါဝင်မှု အားနည်းသော်လည်း ကျေးရွာဖွံ့ဖြိုးမှုလုပ်ဆောင်သည့်လုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြပါသည်။ အမျိုးသမီးအကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှု များတွင်ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာအသိပညာများ အားနည်းကြ ပါသည်။

## ၁၀။ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် – ပူလွဲပူ | | | ကျေးရွာအမည် – သဲပုံ | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၁ | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး | သက်ဆိုင်ရာအဖွဲ့ငယ်များအားစီမံခန့်ခွဲမှု၊ခေါင်းဆောင်မှု၊စာရင်းကိုင်စသည့် သင်တန်းများ စီစဉ်ဆောင်ရွက်ခြင်း။ | |
| ၂ | စိုက်ပျိုးရေး | နည်းပညာ | စပါး၊ပြောင်း၊ပဲ မျိုးကောင်းမျိုးသန့်ထုတ်လုပ်နည်းသင်တန်းများဆောင်ရွက် ခြင်း။ | |
| ၃ | စိုက်ပျိုးရေး | နည်းပညာ | မြေဆီလွှာပြုပြင်ထိန်းသိမ်းနည်းသင်တန်းများ စီစဉ်ခြင်း။ | |
| ၄ | စိုက်ပျိုးရေး | နည်းပညာ | ပိုးမွှား၊ ရောဂါ ကာကွယ်နှိမ်နင်းရေး နည်းပညာသင်တန်း / ဟောပြောပွဲများ စီစဉ်ဆောင်ရွက်ခြင်း။ | |
| ၅ | စိုက်ပျိုးရေး | ဈေးကွက် | စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားရေးအမြင်ဖြင့် လုပ်ဆောင်နိုင်ရန် စီးပွားရေး အမြင်ဖွင့်သင်တန်းများ ပြုလုပ်ခြင်း။ | |
| ၆ | စိုက်ပျိုးရေး | စက်ကိရိယာ | စက်ပစ္စည်း၊လယ်ယာသုံးပစ္စည်းနှင့်ပတ်သက်သည့်အကြောင်းအရာများဟော ပြောခြင်း၊သင်တန်းပေးခြင်း။ | |
| ၇ | မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ | တိရိစ္ဆာန် မွေးမြူရေး | မြို့နယ် မွေး/ကုဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်းသင်တန်းများနှင့် ဝန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း။ | |
| ၈ | မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ | တိရိစ္ဆာန် မွေးမြူရေး | မွေးမြူရေးထုတ်ကုန် ဈေးကွက် ရှာဖွေချိတ်ဆက်ခြင်း။ | |
| ၉ | ထုတ်ကုန်လုပ်ငန်းနှင့်အသေးစ ား_အလတ်စားစီးပွားရေးလု ပ်ငန်းများဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | အသေးစား/အလတ်စား စီးပွားရေးကျွမ်းကျင်မှု သင်တန်းများ စီစဉ်ခြင်း။ | |
| ၁၀ | ထုတ်ကုန်လုပ်ငန်းနှင့်အသေးစ ား_အလတ်စားစီးပွားရေးလု | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | စိတ်ပါဝင်စားသော မိသားစုများအတွက် ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ စီစဉ်ခြင်း (ကွန်ပျူတာ၊ | |

| ကျေးရွာအုပ်စုအမည် – ပူလွဲပူ | | | ကျေးရွာအမည် – သဲပုံ | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | မှတ်ချက် |
| | ပ်ငန်းများဆိုင်ရာ | | ဘာသာစကား၊ စက်ချုပ်၊ မှန့်မျိုးစုံ၊ စက်ပြင်၊ ဆိုင်ကယ်ပြင်) | |
| ၁၁ | ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | ထုတ်ကုန်များအတွက် စုပေါင်းဈေးကွက် ရှာဖွေခြင်း။ | |
| ၁၂ | ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေးလုပ်ငန်း များဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်းနည်းပညာသင်တန်းများစီစဉ် ခြင်း။ | |
| ၁၃ | ငွေကြေး | အသေးစား | အသေးစား/အလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေရရှိနိုင်မည့် လိုအပ်ချက်များ ပြင်ဆင်ခြင်း။ | |
| ၁၄ | ငွေကြေး | အသေးစား | အသက်မွေးဝမ်းကျောင်း လုပ်ငန်းပေါ်မူတည်၍ အတိုးနှုန်းနည်းပြီး ကာလရှည် ထုတ်ချေးပေးနိုင်မည့် ချေးငွေနေရာများနှင့် ချိတ်ဆက်ခြင်း။ | |
| ၁၅ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | နှစ်ထပ်ကျောင်းဆောင်တစ်ဆောင် (၁၂၀'×၃၀')ဆောက်လုပ်ခြင်း။ | |
| ၁၆ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းသုံးပရိဘောဂများ လုံလောက်စွာ ဖြည့်တင်းခြင်း။ | |
| ၁၇ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းအားကစားကွင်း ပြင်ဆင်ခြင်းနှင့်အားကစားပစ္စည်းများဖြည့်တင်းခြင်း။ | |
| ၁၈ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းအုတ်တံတိုင်းခြံစည်းရိုး ကာရံခြင်း။ | |
| ၁၉ | ကျန်းမာရေး | ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး | ရာသီအလိုက်ကျန်းမာရေးအသိပညာပေးဟောပြောပွဲများပုံမှန်ပြုလုပ်ခြင်း။ | |

| ကျေးရွာအုပ်စုအမည် – ပူလွဲပူ | | | ကျေးရွာအမည် – သဲပုံ | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၂၀ | ကျန်းမာရေး | ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး | ရာသီအလိုက်ဖြစ်ပေါ်တတ်သောရောဂါများနှင့် ပတ်သတ်၍ အသိပညာပေးခြင်းနှင့် ကာကွယ်ဆေးထိုးခြင်း။ | |
| ၂၁ | ကျန်းမာရေး | သားဖွားဆရာမ၊ ကျေးလက် ကျန်းမာရေးမှူး စသည် | သားဖွား/အရံသားဖွားသင်တန်းများတက်ရောက်ခွင့်ရစေရန်သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ထားခြင်း။ | |
| ၂၁ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | စံပယ်လမ်း (၈၂၀' × ၁၅' ×၆") ကိုမြေသားလမ်းအဆင့်မှ ကွန်ကရစ်လမ်းသို့ အဆင်မြှင့်တင်ခြင်း။ | |
| ၂၂ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ခရေလမ်း (၉၀၀ ' × ၁၅' ×၆"') ကိုမြေသားလမ်းအဆင့်မှ ကွန်ကရစ်လမ်းသို့ အဆင်မြှင့်တင်ခြင်း။ | |
| ၂၃ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ဇီဇဝါလမ်း (၇၅၀' × ၁၅' ×၆")ကိုမြေသားလမ်းအဆင့်မှ ကွန်ကရစ်လမ်း သို့ အဆင်မြှင့်တင်ခြင်း။ | |
| ၂၄ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ပိတောက်လမ်း (၄၀၀' × ၁၅' ×၆") ကိုမြေသားလမ်းအဆင့်မှ ကွန်ကရစ် လမ်းသို့အဆင်မြှင့်တင်ခြင်း။ | |
| ၂၅ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | အေးသုခလမ်း (၃၀၀' × ၁၅' ×၆")ကိုမြေသားလမ်းအဆင့်မှ ကွန်ကရစ်လမ်း သို့အဆင်မြှင့် တင်ခြင်း။ | |
| ၂၆ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | အင်ကြင်းမြိုင်လမ်း (၉၀၀' × ၁၅' ×၆")ကိုမြေသားလမ်းအဆင့်မှ ကွန်ကရစ် လမ်း သို့အဆင်မြှင့် တင်ခြင်း။ | |

| ကျေးရွာအုပ်စုအမည် – ပူလွဲပူ | | | ကျေးရွာအမည် – သဲပုံ | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၂၇ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | စကားဝါလမ်း (၈၀၀' × ၁၅' ×၆”)ကိုမြေသားလမ်းအဆင့်မှ ကွန်ကရစ်လမ်းသို့အဆင့်မြှင့် တင်ခြင်း။ | |
| ၂၈ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ရတနာလမ်း (၁၀၀၀' × ၁၅' ×၆”)ကိုမြေသားလမ်းအဆင့်မှ ကွန်ကရစ်လမ်းသို့အဆင့်မြှင့် တင်ခြင်း။ | |
| ၂၉ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | သစ္စာလမ်း (၆၁၀' × ၁၅' ×၆”)ကိုမြေသားလမ်းအဆင့်မှ ကွန်ကရစ်လမ်းသို့အဆင့်မြှင့် တင်ခြင်း။ | |
| ၃၀ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကံ့ကော်လမ်း (၄၀၀' × ၁၅' ×၆”)ကိုမြေသားလမ်းအဆင့်မှ ကွန်ကရစ်လမ်းသို့အဆင့်မြှင့် တင်ခြင်း။ | |
| ၃၁ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ဂန္ဓလမ်း (၃၀၀' × ၁၅' ×၆”)ကိုမြေသားလမ်းအဆင့်မှ ကွန်ကရစ်လမ်းသို့အဆင့်မြှင့် တင်ခြင်း။ | |
| ၃၂ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ယုဇနလမ်း (၈၀၀' × ၁၅' ×၆”)ကိုမြေသားလမ်းအဆင့်မှ ကွန်ကရစ်လမ်းသို့အဆင့်မြှင့် တင်ခြင်း။ | |
| ၃၃ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | နှင်းဆီလမ်း (၂၅၀' × ၁၂' ×၆”)ကိုမြေသားလမ်းအဆင့်မှ ကွန်ကရစ်လမ်းသို့အဆင့်မြှင့် တင်ခြင်း။ | |

| ကျေးရွာအုပ်စုအမည် – ပူလွဲပူ | | | ကျေးရွာအမည် – သဲပုံ | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၃၄ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ခတ္တာလမ်း (၈၀၀' × ၁၂' ×၆")ကိုမြေသားလမ်းအဆင့်မှ ကွန်ကရစ်လမ်း သို့အဆင့်မြှင့် တင်ခြင်း။ | |
| ၃၅ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ရွှေပြည်စိုးလမ်း (၅၀၀' × ၁၅' ×၆")ကိုမြေသားလမ်းအဆင့်မှ ကွန်ကရစ်လမ်း သို့အဆင့်မြှင့် တင်ခြင်း။ | |
| ၃၆ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | အောင်တံခွန်လမ်း (၆၀၀' × ၁၅' ×၆")ကိုမြေသားလမ်းအဆင့်မှ ကွန်ကရစ် လမ်း သို့အဆင့်မြှင့် တင်ခြင်း။ | |
| ၃၇ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | သာယာအေးလမ်း (၆၀၀' × ၁၂' ×၆")ကိုမြေသားလမ်းအဆင့်မှ ကွန်ကရစ် လမ်း သို့အဆင့်မြှင့် တင်ခြင်း။ | |
| ၃၈ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ရွာလယ်ရေပွန်အား (၁၂' ×၁၅' ×၈') ကွန်ကရစ်တံတားအဖြစ်သို့အဆင့်မြှင့် တင် ခြင်း။ | |
| ၃၉ | အခြေခံအဆောက်အဦ | ကျေးလက်သောက်သုံးရေ | စက်ရေတွင်း (၁)တွင်း၊ ရေစက်ရုံ၊ရေစင် တည်ဆောက်ခြင်း။ | |
| ၄၀ | လျှပ်စစ် | မိသားစုသုံးဆိုလာ | ကျေးလက်ဦးစီးဌာန၏ ဆိုလာဖြန့်ဖြူးမှု အစီအစဉ်နှင့် ချိတ်ဆက်တင်ပြခြင်း။ | |
| ၄၁ | လျှပ်စစ် | မဟာဓာတ်အားလိုင်း | လျှပ်စစ်မီးရရှိရန်သက်ဆိုင်ရာဦးစီးဌာန/ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်ချိတ် ဆက်ခြင်း။ | |
| ၄၂ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | လက်ရှိလူငယ်အဖွဲ့အား စွမ်းဆောင်ရည် မြင့်တင်ရေး သင်တန်းများ စီစဉ် ခြင်း။ | |

| ကျေးရွာအုပ်စုအမည် – ပူလွဲပူ | | | ကျေးရွာအမည် – သဲပုံ | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၄၃ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | ကျေးရွာပိုင် ဗဟုသုတ လေ့လာရေး စင်တာတစ်ခု တည်ထောင်ခြင်း။ | |
| ၄၄ | လူငယ်နှင့်အားကစား | အားကစား | အား/ကာဦးစီးဌာနနှင့် ချိတ်ဆက်၍ လူငယ်များအတွက် အားကစားပစ္စည်းများ ဖြည့်တင်းခြင်း။ | |
| ၄၅ | လူငယ်နှင့်အားကစား | အားကစား | ကျေးရွာတွင်း ဘောလုံးကွင်း မြေပြန်လည်ညှိခြင်း၊ပြုပြင်ခြင်း။ | |
| ၄၆ | လူငယ်နှင့်အားကစား | အမျိုးသမီး | အမျိုးသမီးများအား တရား ဥပဒေဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း။ | |
| ၄၇ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | မူးယစ်ဆေးဝါး သုံးစွဲမှု လျော့ကျစေရေး အသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း။ | |
| ၄၈ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း။ | |

## သဲပုံကျေးရွာ၊ ပူလွဲပူကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးစောလားပွယ် | ဦးဖားည | ၃/မဝတ(နိုင်)၀၅၀၅၃၇ | ၄၁ | နာယက | - |
| ၂ | ဦးရွှေဝင်း | ဦးထင်ကျော် | ၃/မဝတ(နိုင်)၀၅၀၃၄၉ | ၅၅ | နာယက | - |
| ၃ | ဦးပုံးလုံး | ဦးဖေအေး | ၃/မဝတ(နိုင်)၀၃၄၂၇၉ | ၄၃ | နာယက | ၀၉-၆၈၇၆၈၁၃၀၃ |
| ၄ | ဦးကျင်သိန်း | ဦးချို | ၁၂/ထတပ(နိုင်)၀၀၉၂၇၄ | ၅၆ | ဥက္ကဋ္ဌ | ၀၉-၆၈၅၅၈၅၅၀၂ |
| ၅ | ဦးသိန်းဟန် | ဦးစိန်ကတုံး | ၇/ကထခ(နိုင်)၀၅၈၅၃၆ | ၆၇ | အတွင်းရေးမှူး | - |
| ၆ | ဒေါ်နော်ငွေကိုင် | ဦးနဲပို | ၃/မဝတ(နိုင်)၀၃၄၂၇၅ | ၅၉ | ဘဏ္ဍာရေးမှူး | ၀၉-၆၆၁၈၀၂၁၅၆ |
| ၇ | ဒေါ်သီတာ | ဦးစံထွေး | ၃/မဝတ(နိုင်)၀၅၇၁၅၀ | ၄၂ | စာရင်းကိုင် (၁) | ၀၉-၂၅၃၄၃၉၀၄၅ |
| ၈ | ဒေါ်ကြည်ကြည်ထွေး | ဦးမြသောင်း | ၁၀/သထန(နိုင်)၀၆၉၄၅၅ | ၃၉ | စာရင်းကိုင် (၂) | - |
| ၉ | စောချိုင်းနား | ဦးကျော်ပိုင် | ၃/မဝတ(နိုင်)၀၃၂၄၉၀ | ၂၅ | အဖွဲ့ဝင် | - |
| ၁၀ | စောအခလုံ | ဦးရွှေဖား | မရှိ | ၃၇ | အဖွဲ့ဝင် | - |

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၅ | ၁၆ | ၃၁ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၄၄ | ၃၆ | ၈၀ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၇၆ | ၆၂ | ၁၃၈ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၆၀ | ၇၀ | ၁၃၀ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၉၀ | ၄၀၁ | ၇၉၁ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၁၄ | ၁၂ | ၂၆ |
| **စုစုပေါင်း** | | **၅၉၉** | **၅၉၇** | **၁၁၉၆** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၂၀၆** | | |

ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။သဲပုံကျေးရွာတွင် အိမ်ထောင်စု (၂၀၆)စု၊လူဦးရေ (၁၁၉၆)ဦးရှိပါသည်။ ကျေးရွာတွင်အလုပ်မလုပ်နိုင်သည့်တစ်နှစ်အောက်နို့စို့အရွယ် (၂.၅၉%)၊၅နှစ်အောက်ကလေး အရွယ် (၆.၆၈%)၊ မူလတန်းကျောင်းသားအရွယ် (၁၁.၅%)၊အလယ်တန်းကျောင်းသားအရွယ် (၁၀.၈၆%) ၊အလုပ်လုပ်နိုင်သည့်အရွယ် (၆၆.၁၃%)၊သက်ကြီးရွယ်ကြီးအရွယ်(၂.၁၇%)ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့်လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၆၆.၁၃%)နှင့်အလုပ်လုပ် နိုင်သည့် အရွယ်ကျား (၃၉၀)ဦး၊မ (၃၁၀)ဦးစုစုပေါင်း(၄၀၁)ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၃၃.၈၆%) ရှိပါသည်။ထို့ကြောင့်ကျေးရွာအတွင်း အလုပ်လုပ်နိုင်သောလူဦးရေများပြားမှုကြောင့် လူသားအရင်း အမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄၂ | ၆၃ | ၁၀ | မြင့်☐လတ်✓နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၇ | ၂၄ | ၁၂ | မြင့် ☐လတ်☐နိမ့်✓ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၄ | - | မြင့် ☐လတ်☐နိမ့်✓ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | – | မြင့်☐လတ်☐နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၅ | - | မြင့် ☐လတ်☐နိမ့်✓ |
| | အလုပ်သမား / | ၃၂ | ၄၉ | – | မြင့်☐လတ်✓နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | ဝန်ထမ်း | | | | |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | – | မြင့်☐လတ်☐နိမ့်☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၅ | – | မြင့်☐လတ်✓နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | - | မြင့်☐လတ်✓နိမ့်☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | – | မြင့် ☐လတ်☐နိမ့်✓ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၇၄ | ၁၀၅ | - | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၁၁၉ | ၂၅၆ | - | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | – | မြင့်☐လတ်☐နိမ့်☐ |
| | **စုစုပေါင်း** | ၂၈၆ | ၅၁၄ | ၂၂ | ☒ |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။ ။သဲပုံကျေးရွာတွင် ကိုယ်ပိုင်စိုက်ပျိုးရေးကိုအဓိကထား လုပ်ကိုင်သည့်အိမ်ထောင်စုများပြားပြီး လယ်အငှားလုပ်ကိုင်သည့် အိမ်ထောင်စုများလည်းရှိပါသည်။**

တောင်သူများသည် ပြောင်း၊ ပဲတီစိမ်းကို နှစ်သီးစားစိုက်ပျိုးကြပါသည် ကျေးရွာရှိအိမ်ခြေ(၂၀၆) အိမ်အနက်(၄၇)အိမ်သည်စိုက်ပျိုးရေး လုပ်ငန်းကို ကိုယ်ပိုင်လုပ်ငန်းအဖြစ် အဓိကလုပ်ကိုင်ကြပြီး မြေငှားရမ်းလုပ်ကိုင်သည့် အိမ်ထောင်စုအနည်းငယ်ရှိပါသည်။ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စုများမရှိသော်လည်း တစ်ပိုင်တစ်နိုင်အိမ်စားရုံမျှသာမွေးမြူရေး လုပ်ငန်းကို လုပ်ကိုင်ကြ ပါသည်။လက်သမား၊ ဝပ်ရှော့၊ ပို့ဆောင်ရေးကဏ္ဍတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုပ်ကိုင်သူအနည်းငယ်ရှိပါသည်။ကျေးရွာအတွင်း စိုက်ပျိုးရေးလုပ်ငန်းနှင့် တစ်နိုင်တစ်ပိုင် လက်လီအရောင်းအဝယ်များတွင်သာ အလုပ်အကိုင်အခွင့်အလမ်းများရှိပြီး အခြားအသက်မွေးမှုနည်းပညာများ တတ်မြောက်သည့် အိမ်ထောင်စုနည်းပါးသဖြင့် ကျေးရွာ၏အလုပ်လုပ်နိုင်သည့် လူဦးရေအများစုသည် တခြားပြင်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်ကြပါသည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၇၅၀၀ | ၆၀၀၀ | ၆၅၀၀ | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | – | – | – | – |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | – | – | – | – |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | – | – | – | – |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | – | – | – | – |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | ၇၀၀၀ | ၇၅၀၀ | ၅၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | – | – | – | – |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | – | – | – | – |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

**(၂) နာရီတွက်ဖြင့် အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

လေ့လာတွေ့ရှိချက်။ ။သဲပုံကျေးရွာတွင် ကျား/မဝင်ငွေခြားနားရခြင်းမှာ လုပ်ငန်း ကျွမ်းကျင်မှုအပေါ်မူတည်ပြီး ကျား/မဝင်ငွေကွာခြားရခြင်းမှာလည်း လုပ်အားစိုက်ထုတ်နိုင်မှုအပေါ်တွင်မူတည်ပါသည်။ပြည်ပတွင်သွားရောက်လုပ်ကိုင်သူများ၏ လုပ်ငန်းများကိုမသိရှိ သောကြောင့် လုပ်အားခပမာဏကိုမသိရှိရပါ။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၃၃ | ကောင်း ☐ သင့် ✓ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၇၄၄ | ကောင်း ☐ သင့် ✓ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၄ | ကောင်း ☐ သင့် ✓ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | ၁ | ကောင်း ☐ သင့် ☐ ညံ့ ✓ |
| ဓနိတောမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | ၁ | ကောင်း ☐ သင့် ☐ ညံ့ ✓ |
| စုစုပေါင်း | ၇၆၇ | ☒ |

ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။သဲပုံကျေးရွာတွင်လယ်မြေ (၃၃)ဧကယာမြေ (၇၄၄)ဧကနှင့် ဉယာဉ်ခြံမြေ (၄)ဧကရှိပြီးမြေဆီလွှာအရည်အသွေး ကောင်းမွန်ပါသည်။အခြားသောကိုင်း/ကျွန်းမြေ၊ ဓနိတောမြေနှင့်မြေလွတ်မြေလပ် အနည်းငယ်လည်းရှိပါသည်။ကျေးရွာတွင် ပဲတီစိမ်းနှင့် ပြောင်းကို အဓိကစိုက်ပျိုးကြပါသည်။ စပါးကိုလည်းစိုက်ပျိုးကြပါသည်။

(ဂ-၂) ခာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ခာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ခာတ်ငွေ့၊ ရေနံ၊ | များ☐ သင့်☐ နည်း☐ မရှိ✓ | လွယ်☐ ခက်☐အသုံးမပြုနိုင်ပါ ✓ |

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ကျောက်မျက် စသည်။) | | |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ✓ သင့်☐ နည်း☐ မရှိ☐ | လွယ်✓ ခက်☐အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ☐ သင့်☐ နည်း✓ မရှိ☐ | လွယ် ☐ခက်✓အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ☐ သင့်☐ နည်း☐ မရှိ✓ | ☒ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ကျောက်၊ သဲ၊ ကျောက်စရစ်များကို ကျေးရွာ၏အနီးပတ်ဝန်းကျင်တွင်အနည်းငယ်ထုတ်ယူသုံးစွဲနိုင်ပါသည်။ သဲပုံကျေးရွာတွင် ဆေးဘက်ဝင်အပင်များ နည်းပါးသော်လည်း နွား၊ဆိတ်စသည့်တိရိစ္ဆာန်များအတွက် လွှတ်ကျောင်းရန်အစာအနည်းငယ် ရရှိနိုင်ပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၇၀ | ၆၀ | ၅၆ | ၂၀ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။သဲပုံကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စုများရှိပြီး ကိုယ်ပိုင် စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကလုပ်ကိုင်ကြသည်။မပြေလည်သော အိမ်ထောင်စုများနှင့်အလွန်မပြေလည်သော အိမ်ထောင်စုများသည် ကောက်စိုက်၊ ပျိုးနုတ်စသည့် ရာသီလိုက်ကြုံရာကျပန်း လုပ်ငန်းများဖြင့် အသက်မွေးလုပ်ငန်းလုပ်ကိုင်ကြသည်။

(င)  ထိခိုက်လွယ်မှု

(င-၁)  ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာစနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၁၀ | အခြားအစာပြောင်းလဲစား= ___________<br>အစာလျှော့စား= ___________<br>အထောက်အပံ့ယူ= ___________<br>ချေးယူ = ၅_________<br>လုပ်အားခကြိုယူ= ၅_________ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၁၃ | အခြားအစာပြောင်းလဲစား= ___________<br>အစာလျှော့စား= ___________<br>အထောက်အပံ့ယူ= ___________<br>ချေးယူ = ၇_________<br>လုပ်အားခကြိုယူ= __၆_________ |
| ၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား= ___________<br>အစာလျှော့စား= ___________<br>အထောက်အပံ့ယူ= ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ= ___________ |

ရင်းမြစ်..ဥစ္စာစနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။သဲပုံကျေးရွာရှိဥစ္စာစနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စု ပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူရာတွင်ကောက်ယူခဲ့သည့် အိမ်ထောင်စု စုစုပေါင်း၏ (၄၃) ရာခိုင်နှုန်းမှာ (၃) လအောက် ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/ နပ်မှန်အောင် စားသောက်နိုင်ပြီး၊ (၅၇ေ)ရာခိုင်နှုန်းမှာ (၃ - ၅)လအထိသာ ဝမ်းစာဖူလုံမှုရှိပြီး ကျန်ကာလများတွင် ချေးငှားခြင်းနှင့် လုပ်အားချကြိုတင်ယူခြင်းဖြင့် ဖြေရှင်းကြသည်။ ဆန်ရှားပါးမှုနှင့် ဆန်ဈေးကြီးမှုကြောင့်အခြား အစားအစာများကို ပြောင်းလဲစားသုံးခြင်း၊ ထမင်းတစ်နပ်လျော့စားခြင်း၊ တစ်ရက်လုံးလျော့စား ခြင်းများမှာတစ်ခါမှမဖြစ်ဖူးကြောင်းကို စားနပ်ရိက္ခာဖူလုံမှုဆန်းစစ် ချက်ရလဒ်အရ သိရပါသည်။ မြေယာမဲ့ကျပန်းသမားများမှာ အခြားသောအချိန်များတွင်မူခေါက်ပြန် ကြွေးယူခြင်း၊ အတိုးဖြင့် ငွေချေးခြင်း၊ အခြားဒေသများသို့သွားရောက် အလုပ်လုပ်ကိုင်သူတို့ထံမှ ပြန်ပို့ငွေတို့ဖြင့် စားနပ်ရိက္ခာ ဖူလုံရန်ဖြေရှင်းနေကြရပါသည်။

(င-၂)  ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | – | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | – | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | – | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။သဲပုံကျေးရွာတွင်ကူညီစောင့်ရှောက်မှုအထူးလိုအပ်သည့် ဆင်းရဲသည့် အိမ်ထောင်စုများမရှိသော်လည်း အများစုသည်ဆွေမျိုးတော်စပ်ကြသောကြောင့် အရေးပေါ် ကိစ္စရပ်များတွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီကြပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ✓ နိမ့် ☐ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ✓ နိမ့် ☐ မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ✓ နိမ့် ☐ မရှိ ☐ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၇ | ငလျင် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ✓ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ✓ နိမ့် ☐ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ✓ နိမ့်☐ မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။သဲပုံကျေးရွာတွင် သဘာဝဘေးအန္တရာယ်ဆိုးရွားသည့် အခြေအနေမျိုးမရှိပါ။ကျန်းမာရေးနှင့်ပတ်သက်၍ မိုးရာသီတုပ်ကွေးဖျားနာခြင်း၊ ၄က်ဖျားရောဂါ ဖြစ်ပွားခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားခြင်း အနည်းငယ်ရှိပါသည်။သစ်တောပြုန်းတီးခြင်းမှာ စိုးရိမ်ဖွယ်ရာဖြစ်နေပါသည်။ကျေးရွာသူ/သားများသည် စည်းစည်းလုံးလုံးနှင့် အတူတကွနေထိုင်ကြသဖြင့် ပြည်တွင်းပဋိပက္ခများမရှိပါ။ရာသီကူးပြောင်းမှုများတွင် ခွာနာ၊ လျှာနာ ရောဂါ စသည့် တိရစ္ဆာန်ရောဂါ များဖြစ်ပွားလေ့ရှိပြီး ကြက်နာရောဂါများ ဖြစ်ပွားမှုအနည်းငယ် တွေ့ရပါသည်။ ကျေးရွာတွင် လူကုန် ကူးမှုမရှိပါ။

## (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐လတ် ✓နိမ့်☐မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐လတ် ☐နိမ့်☐မရှိ ✓ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐လတ် ✓နိမ့်☐မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✓ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်✓မရှိ ☐ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✓ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐လတ် ☐နိမ့်☐မရှိ ✓ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✓ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✓ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐လတ်✓နိမ့်☐မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✓ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✓ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်✓မရှိ ☐ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✓ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✓ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✓ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✓ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✓ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐လတ် ☐နိမ့်✓မရှိ ☐ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✓ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။သဲပုံကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများနှင့် လက်လုပ်လက်စားကျပန်းလုပ်ကိုင်သည့် အိမ်ထောင်စုများ အနည်းငယ်ရှိသဖြင့် ၄င်း အိမ်ထောင်စုများသည်သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားလွယ်နိုင်ပါသည်။ မိမိနေရပ်တွင်အသက်မွေးဝမ်းကျောင်းလုပ်ကိုင်ရန်အတွက် အခွင့်အလမ်းနည်းပါးခြင်း၊ အသက်မွေးမှုနည်းပညာ အားနည်းခြင်း တို့ကြောင့် ရွှေ့ပြောင်းသွားလာနေထိုင်သည့်အိမ်ထောင်စုများလည်းရှိပါသည်။ ၄င်းတို့သည်အခြား ဘေးအန္တရာယ်ကြုံတွေ့ပါကထိခိုက်သက်ရောက်မှု နည်းပါးပါသည်။ ပန်းရံလက်သမားလုပ်ငန်းနှင့် အသက်မွေးမှုပြုကြသည့်အိမ်ထောင်စုများသည်ထိခိုက်လွယ်မှုနည်းပါးကြပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ ကျား | မ | ပေါင်း | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| ၁ | အုပ်ချုပ်ရေး | ၁☐ ၂✓ ၃☐ | ၈ | - | ၈ | ပညာရေး✓ငွေကြေး☐<br>ကျန်းမာရေး✓ဘာသာရေး✓<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး✓ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |
| ၂ | လူငယ် အဖွဲ့ | ၁☐ ၂✓ ၃☐ | ၁၅ | ၁၅ | ၃၀ | ပညာရေး✓ငွေကြေး☐<br>ကျန်းမာရေး✓ဘာသာရေး✓<br>စိုက်ပျိုးမွေးမြူရေး ☐ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| | | | | | | သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | |
| ၃ | ဓမ္မစကူးလ် အဖွဲ့ | ၁☐ ၂✓ ၃☐ | ၅ | - | ၅ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး✓ဘာသာရေး✓<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |
| ၄ | ကျောင်း အကျိုးတော် ဆောင်အဖွဲ့ | ၁☐ ၂✓ ၃☐ | ၆ | ၁ | ၇ | ပညာရေး✓ငွေကြေး☐<br>ကျန်းမာရေး✓ဘာသာရေး✓<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |
| ၅ | သာရေး ၊ နာရေးအဖွဲ့ | ၁☐ ၂✓ ၃☐ | ၈ | - | ၈ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |
| ၆ | ရပ်မိရပ်ဖ အဖွဲ့ | ၁☐ ၂✓ ၃☐ | ၁၅ | - | ၁၅ | ပညာရေး✓ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး✓<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး✓ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

